# မာတိကာ

# CONTENTS


| NO. | | Topic | Page |
|---|---|---|---|
| 1. | | မိတ်ဆက်နိဒါန်း | i |
| 2. | | ကျေးဇူးတင်လွှာ | iii |
| 3. | | လိုတိုရှင်း အမှာစကား | iii |
| 4. | | ဤစာအုပ်တွင် အသုံးပြုထားသော အတိုကောက်စကားလုံးများ | iv |
| 5. | CHAPTER ONE | Analytical Approach to Long Sentences | 1 |
| 6. | CHAPTER TWO | Sample TOEFL Passages | 6 |
| 7. | CHAPTER THREE | Sample IELTS Passage | 15 |
| 8. | CHAPTER FOUR | Sample SAT Passage | 26 |
| 9. | CHAPTER FIVE | Sample GMAT Passage | 34 |
| 10. | CHAPTER SIX | TOEFL Reading အတွက်လမ်းညွှန်ချက်များ | 41 |
| 11. | CHAPTER SEVEN | IELTS Reading အတွက်လမ်းညွှန်ချက်များ | 44 |
| 12. | CHAPTER EIGHT | SAT Reading အတွက်လမ်းညွှန်ချက်များ | 47 |
| 13. | CHAPTER NINE | IELTS 7 Test 1 Passage 1 | 52 |
| 14. | CHAPTER TEN | IELTS 7 Test 1 Passage 2 | 62 |
| 15. | CHAPTER ELEVEN | IELTS 7 Test 1 Passage 3 | 72 |
| 16. | CHAPTER TWELVE | IELTS 7 Test 2 Passage 1 | 83 |
| 17. | CHAPTER THIRTEEN | IELTS 7 Test 2 Passage 2 | 95 |
| 18. | CHAPTER FOURTEEN | IELTS 7 Test 2 Passage 3 | 105 |
| 19. | CHAPTER FIFTEEN | IELTS 7 Test 3 Passage 1 | 120 |
| 20. | CHAPTER SIXTEEN | IELTS 7 Test 3 Passage 2 | 132 |


❖ ❖ ❖



## မိတ်ဆက်နိဒါန်း

ကျွန်တော်သည် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလက Effective Guide to Reading & Understanding for TOEFL IELTS SAT GMAT Candiates & Advanced Learners အမည်ဖြင့် ဖတ်ရှုနားလည်မှုဆိုင်ရာ လမ်းညွှန်စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပါသည်။ တပည့်များကို လက်ရေးစာမူ၊ မိတ္တူအမျိုးမျိုးတို့ဖြင့် နှစ်ပေါင်းများစွာ အကြိမ်ကြိမ် သင်လိုက် ပြင်လိုက် လုပ်ပြီးမှ စာပေစိစစ်ရေးတင်ပြီး ပုံနှိပ်ထုတ်ဝေသော အဆင့်သို့ ရောက်ခဲ့သော စာအုပ်ပါ။ မျက်နှာဖုံး မဲနယ်ရောင် နောက်ခံမှာ ရောင်စဉ်ဖြာနေပုံပါ။ ထိုစာအုပ်သည် စာအုပ်ဖြန့်ချိရေးကို မလုပ်တတ် မကိုင်တတ်နှင့် (နယ်ကို မဖြန့်နိုင်သေးဘဲ ရန်ကုန်ဆိုင်များပေါ်တွင် ငါးအုပ်၊ ဆယ်အုပ်စီဖြန့်၍) စမ်းတဝါးဝါး လုပ်နေရသည့် အချိန်မှာပင် အကြိမ်ကြိမ် အထပ်ထပ်ရိုက်နှိပ်ခဲ့ရသည်။ ပညာရှင်အချို့၏ အားပေးစကားမုဒိတာစကားများကိုလည်း ရရှိခဲ့သည်။

ဆယ်ကြိမ်ခန့်ရိုက်ပြီးနောက် စာအုပ်ကို ရပ်နားခဲ့သည်။ သို့သော် စာအုပ်ထဲမှ Grammar and Structure သဘောတရားများကို နောက်ပိုင်းထုတ် စာအုပ်များတွင် ဖြန့်၍ ထည့်ပေးခဲ့ပါသည်။ ယခုလက်ရှိ ထုတ်ဝေထားသော Workbook for Grammar & Writing Level (၆)ခုအနက် အမြင့်ပိုင်းနှစ်အုပ် Level 5 & 6 တို့တွင် ပိုမိုပြည့်စုံသော ဖြည့်စွက်ချက်၊ မှမ်းမံရှင်းပြချက်များ၊ လေ့ကျင့်ခန်းများနှင့် အဖြေပါ ထည့်ထားပါသည်။

သို့သော် ၂၀၀၇ ဖေဖော်ဝါရီထုတ် စာအုပ်ကိုမှ လိုချင်ပါသည်ဟု အချို့က တောင်းဆိုသည်၊ စာအုပ်ဆိုင်အချို့ကလည်း ထိုနာမည်တပ်၍ မှာသည်။ အထူးသဖြင့် IELTS ဖြေမည့်သူများက စာပိုဒ်ခွဲခြမ်းစိတ်ဖြာပြခြင်း passage analysis ကို လေ့လာလိုသည့်ဆန္ဒ ပြင်းပြကြသည်။ ထိုစာအုပ်ထဲတွင်ပါသော Analytical Approach to Long Sentences; Sample TOEFL Passage & Explanation in Detail; Sample IELTS Passage & Explanation in Detail; Sample SAT Passage & Explanation in Detail အပြင် TOEFL, IELTS, SAT Reading အတွက် စာမေးပွဲဖြေပုံဖြေနည်း လမ်းညွှန်ချက်များကို ဖတ်ရှုလေ့လာလိုကြသည်။ ယခု ဤစာအုပ်တွင် ထိုအပိုင်းများကို ပြန်ထည့်ပေးပါသည်။ Grammar, Structure, Patterns, Usage ဆိုင်ရာများကိုတော့ ရှေ့မှာ ညွှန်းခဲ့သောစာအုပ် နှစ်အုပ်နှင့် အခြားကျွန်တော်ရေးပြီးသမျှ စာအုပ်အတော်များများမှာပါပြီးဖြစ်၍ ချန်ခဲ့ပါသည်။

ထိုစာအုပ်ထုတ်စဉ်က (လိုတိုရှင်းအမှာစကား) ကိုလည်း ပြန်ထည့်ပါသည်။ ရှေ့ပိုင်းကို ထိုစာအုပ်၏ မူဟန်အတိုင်း ဆရာတစ်ယောက်က အနားမှာလာရှင်းပြနေသလို ခံစားရအောင် စကားပြောသလို ရေးထားပါသည်။ ယခုအသစ်ထပ်ဖြည့်သော Cambridge IELTS 7 မှ ယူထားသည့် Reading Passage (၈)ပုဒ်ကို စာဟန်ဖြင့် ရေးသားရှင်းပြပါသည်။ နောက်ထပ် IELTS Passage များကို Cambridge IELTS 8, 9, 10, 11, 12 တို့မှ ကောက်နုတ်၍ ဆက်လက်ရေးသားရန် အစီအစဉ်ရှိပါသည်။ စာဖတ်သူ လေ့လာသူများအတွက် ပိုအဆင်ပြေမည့် ရေးဟန်ကို အသုံးပြုသွား ပါမည်။

ယခုစာအုပ်တွင် Grammar, Structure ဆိုင်ရာ သဘောတရားရှင်းပြချက်များ မပါသဖြင့် အခြေခံအတော်နိုင်ပြီးသူများသာ တန်း၍ လေ့လာနိုင်ပါမည်။ အောက်ခြေမှစ၍ တစ်ဆင့်ချင်း လေ့လာလိုသူများအတွက် ညွှန်းပေးပါမည်။ ကိုယ်နှင့်အဆင်ပြေသည့် အဆင့်မှ စ၍ လေ့လာနိုင်ပါသည်။



| | | |
|---|---|---|
| English Grammar & Writing | Elementary Level | အဖုံးအညိုရောင်နှစ်ရောင်စပ် |
| English Grammar & Writing | Post-Elementary Level | အဖုံးအစိမ်းရောင်နှစ်ရောင်စပ် |
| Applied English Grammar & Writing | Intermediate Level | အဖုံးအပြာရောင်နှစ်ရောင်စပ် |

အထက်ပါ (၃)အုပ်တွင် သဘောတရားရှင်းပြချက်ကို အဓိကရေးသားထားသည်။ လေ့ကျင့်ခန်း အသင့်အတင့်ပါသည်။ လေ့ကျင့်ခန်း သီးသန့် Workbook များမှာ-

| | | |
|---|---|---|
| WORKBOOK (1) | Elementary Level | အဖုံးအဝါရောင် |
| WORKBOOK (2) | Post-Elementary Level | အဖုံးအစိမ်းရောင် |
| WORKBOOK (3) | Pre-Intermedinate Level | အဖုံးပန်းရောင် |
| WORKBOOK (4) | Intermediate Level | အဖုံးအပြာနုရောင် |
| WORKBOOK (5) | Upper-Intermediate Level | အဖုံးခရမ်းရောင် |
| WORKBOOK (6) | Advanced Level | အဖုံးအနီရင့်ရောင် |

(5) (6) တွင် လေ့ကျင့်ခန်းများသာမက အဆင့်မြင့်သဘောတရား ရှင်းပြချက်များ Explanatory Notes နှင့် Answer Key ပါ ထည့်ထားသည်။ ထိုစာအုပ်များကို လေ့လာထားသူ သို့မဟုတ် အလားတူတတ်ကျွမ်းနားလည်ထားပြီးသူများကတော့ ဤစာအုပ် ကို တိုက်ရိုက်ဖတ်ရှုလေ့လာနိုင်ပါသည်။

အနောဓိသ ပြဓိသမေတ္တာဖြင့် -


**Saya U NYAN WIN HTET (Sarpay Beikman)**
Ex-Editor (Encyclopaedia) (1981-1994)
Experienced Teacher of English (since 1973)
Ex-Professor (Mahavihara Dhamma-Vinaya University)
M.A. (English Language) (U.F.L)
Dip in English (I.F.L), B.Sc., R.L.,
Post-Grad Dip in Journalism (New Delhi)
Writer of more than 80 books


❖ ❖ ❖